တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်
အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများကို
ဒုတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ
(၂၀၂၀ ပြည့်နှစ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ၃၀၆ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ**ဟုခေါ်တွင်စေရမည်။

၂။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေတွင်ပါရှိသော “လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန” ဆိုသည့် စကားရပ်ကို “စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန” ဆိုသည့်

စကားရပ်ဖြင့် လည်းကောင်း၊ "ပြည်ထောင်စု အစိုးရအဖွဲ့" ဆိုသည့် စကားရပ်ကို "အစိုးရအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

၃။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ (ဂ)တွင် ပါရှိသော "မျိုးကောင်းမျိုးသန့်မျိုးစေ့များ" ဆိုသည့် စကားရပ်ကို "အရည်အသွေးပြည့်မီသော ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ၆၊ နည်းဥပဒေခွဲ(စျ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(စျ) လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း၊ စားကျက်မြေ၊ သစ်တောမြေ သို့မဟုတ် အခြားမြေများပေါ်တွင် မွေးမြူရေးခြံများ၊ ငါးမွေးမြူရေးကန်များ အဖြစ် အသုံးပြုလျက်ရှိသော လုပ်ငန်းများကို တည်ဆဲဥပဒေများနှင့်အညီ တရားဝင် လုပ်ကိုင်အသုံးပြုခွင့် ရရှိစေရန် သက်ဆိုင်

သည့်ဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း။”

၅။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ(ည)၏ နောက်တွင် နည်းဥပဒေခွဲ (ည-၁)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(ည-၁) ငါးမွေးမြူရေး အပါအဝင် မွေးမြူရေး လုပ်ငန်းအသုံးပြုမြေအဖြစ် တည်ဆဲဥပဒေများအရ တရားဝင်လုပ်ကိုင် အသုံးပြုခွင့် ရရှိသူကို အောက်ပါ အခွင့်အရေးများ မှန်ကန်စွာ ရရှိစေရန် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(၁) ငါးမွေးမြူရေးအပါအဝင် မွေးမြူရေး လုပ်ငန်းလုပ်ကိုင် အသုံးပြုခွင့် ရရှိသည့် မြေကို လက်ရှိထားပိုင်ခွင့်၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်အသုံးပြုခွင့်၊ ယင်းသို့ လုပ်ကိုင် အသုံးပြုခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(၂) လယ်ယာမြေဥပဒေအရ ငါးမွေးမြူ
ရေး အပါအဝင်မွေးမြူရေးလုပ်ငန်း
လုပ်ကိုင်အသုံးပြုရန် ခွင့်ပြုမိန့်ရရှိ
သော မြေအားလုံးကို ဖြစ်စေ၊
တစ်စိတ် တစ်ပိုင်းကို ဖြစ်စေ၊
သတ်မှတ်ထားသော စည်းကမ်း
ချက်များနှင့်အညီ ရောင်းချခွင့်၊
ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်
နှင့် ပေးကမ်းခွင့်၊

(၃) မွေးမြူရေးလုပ်ငန်း လုပ်ကိုင်အသုံး
ပြုခွင့် ရရှိသည့်မြေကို အမွေဆက်
ခံခြင်း နှင့် စပ်လျဉ်း၍ အငြင်းပွားမှု
ပေါ်ပေါက်လာပါက တည်ဆဲဥပဒေ
နှင့်အညီ သက်ဆိုင်ရာ တရားရုံး၏
အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(၄) သတ်မှတ်သည့် စည်းကမ်းချက်
များကို ဖောက်ဖျက်ခြင်း မရှိသရွေ့
မွေးမြူရေးလုပ်ငန်း လုပ်ကိုင်
အသုံးပြုခွင့်၊

(၅) မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး အတွက် ကျေးလက် သမဝါယမအသင်း၏ ရင်းနှီးမြှုပ်နှံ မှုနှင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ နှင့် လည်း ကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(၆) မွေးမြူရေးလုပ်ငန်းတွင် နိုင်ငံခြား သား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့် အညီ အကျိုးတူလုပ်ကိုင်ခွင့်။”

၆။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၁၇၊ နည်းဥပဒေ ၁၈ နှင့် နည်းဥပဒေ ၁၉ တို့တွင် ပါရှိသော “မျိုးစေ့၊ မျိုးသားပေါက်” ဆိုသည့် စကားရပ်ကို “ပျိုးပင်၊ မျိုးစေ့၊ မျိုး နှင့် သားပေါက်များ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၂၁ နှင့် နည်းဥပဒေ ၂၁

နည်းဥပဒေခွဲ(ခ)တွင် ပါရှိသော "နှစ်ပေါက်"ဆိုသည့် စကားရပ်ကို "နှစ်စဉ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၂၃ တွင်ပါရှိသော "တောင်သူလယ်သမား တစ်ဦးချင်းကို အာမခံသူ နှစ်ဦးစီဖြင့်" ဆိုသည့် စကားရပ်ကို "တောင်သူလယ်သမား တစ်ဦးချင်းစီက ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ကို ဘဏ်သို့ အပေါင်အဖြစ် ပေးအပ်၍ ကိုယ်တိုင် အာမခံသည့် စနစ်ဖြင့်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၄၁ နှင့် နည်းဥပဒေ ၄၂ တို့တွင်ပါရှိသော "ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် မတ်လ (၃၁) ရက်နေ့အထိ" ဆိုသည့် စကားရပ်ကို "ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် စက်တင်ဘာလ (၃၀)ရက်နေ့အထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန